# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
# ပထမအကြိမ် ပြည်သူ့လွှတ်တော် တတိယပုံမှန်အစည်းအဝေး
# (၁၉) ရက်မြောက်နေ့မှတ်တမ်း

## ၁၃၇၄ ခုနှစ်၊ ကဆုန်လဆန်း ၃ ရက်
## (၂၀၁၂ ခုနှစ်၊ ဧပြီလ ၂၃ ရက်)
## (တနင်္လာနေ့)

နေပြည်တော်ရှိ ပြည်သူ့လွှတ်တော် အစည်းအဝေးခန်းမတွင် ပထမအကြိမ် ပြည်သူ့လွှတ်တော် တတိယပုံမှန်အစည်းအဝေး (၁၉) ရက်မြောက်နေ့ကို မွန်းလွဲ ၁၃း၀၅ နာရီအချိန်၌ စတင်ကျင်းပပါသည်။

[ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌအဖြစ် သူရဦးရွှေမန်းက ဆောင်ရွက်ပြီး၊ အခမ်းအနားမှူးအဖြစ် ဦးခင်မောင်ဦး၊ ညွှန်ကြားရေးမှူး၊ လွှတ်တော်ရုံးက ဆောင်ရွက်ပါသည်။]

**အချိန်၊ ၁၃ း ၀၅ ။**

**အခမ်းအနားမှူး။** ။လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များနှင့် ဖိတ်ကြားထားသော ဧည့်သည်တော်များခင်ဗျား။ ယခုအချိန်ကစပြီး ပြည်ထောင်စုသမ္မတမြန်မာ နိုင်ငံတော် ပထမအကြိမ် ပြည်သူ့လွှတ်တော် တတိယပုံမှန်အစည်းအဝေးရဲ့ (၁၉) ရက်မြောက်နေ့ အစီအစဉ် စတင်ပါတော့မယ်။

## ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ နေရာယူခြင်း

**အခမ်းအနားမှူး။** ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီး ကြွရောက်လာပါပြီခင်ဗျား။

[ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌသည် ဥက္ကဋ္ဌအတွက်သတ်မှတ်ထားသည့် စင်မြင့်ပေါ်သို့ ကြွရောက် နေရာယူပါသည်။]

**ဥက္ကဋ္ဌ။** ။ အားလုံးမင်္ဂလာပါ။

**အခမ်းအနားမှူး။** ။ အားလုံးထိုင်နိုင်ကြပါပြီခင်ဗျား။

# တပ်မတော်သား ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ၄၀ ဦး ကတိသစ္စာပြုခြင်းနှင့် ကတိသစ္စာပြုလွှာပေါ်တွင် လက်မှတ်ရေးထိုးခြင်း

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရဲ့ ၂၀၁၂ ခုနှစ်၊ ဇန်နဝါရီလ ၆ ရက် ရက်စွဲပါ ကြေညာချက်အမှတ် ၂/၂၀၁၂ အရ တပ်မတော်သား ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်အဖြစ် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က အမည်စာရင်းတင်သွင်းထားသော တပ်မတော်သား ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များအနက် အစားထိုးပြောင်းလဲမည့် ကိုယ်စားလှယ်တစ်ဦးနှင့် ၂၀၁၂ ခုနှစ်၊ ဧပြီလ ၂၂ ရက် ရက်စွဲပါ ကြေညာချက်အမှတ် ၂၂/၂၀၁၂ အရ အစားထိုးပြောင်းလဲမည့် တပ်မတော်သား ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ၃၉ ဦး၊ စုစုပေါင်း တပ်မတော်သား ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ၄၀ ဦးရှိပါတယ်။ ဒီပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ၄၀ ဦးအနေနဲ့ လွှတ်တော်ကိုယ်စားလှယ်အဖြစ် ကတိသစ္စာမပြုရသေးတဲ့အတွက် ပြည်သူ့လွှတ်တော်ဆိုင်ရာဥပဒေပုဒ်မ ၈ ပုဒ်မခွဲ (ခ) အရ ဥက္ကဋ္ဌရှေ့မှောက်မှာ ကတိသစ္စာပြုပြီးလက်မှတ်ရေးထိုးရမှာဖြစ်ပါတယ်။ ကျွန်တော်က ကတိသစ္စာကို တိုင်ပေးတဲ့အခါ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ၄၀ ဦးကလိုက်ဆိုဖို့ ဖြစ်ပါတယ်။ ယခု ကတိသစ္စာပြုပါမယ်။ အစည်းအဝေးခန်းမအတွင်းရှိ ပုဂ္ဂိုလ်အားလုံးမတ်တတ်ရပ်ပေးဖို့ ဖြစ်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ပြည်သူ့လွှတ်တော် တပ်မတော်သားကိုယ်စားလှယ်များခင်ဗျား။ ကျွန်တော်က တိုင်ပေးတဲ့အခါမှာ ကျွန်ုပ်လို့ဆိုသည့်နောက်ပိုင်း မိမိရဲ့အမည်နာမကို မိမိကိုယ်တိုင်ဖော်ထုတ်ပြီး လိုက်ဆိုကြဖို့ဖြစ်ပါတယ်။ စတင်ဆောင်ရွက်ပါ့မယ်။

[ဥက္ကဋ္ဌက အောက်ပါအတိုင်း ကတိသစ္စာကိုတိုင်ပေး၍ တပ်မတော်သား ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ၄၀ ဦးက ကတိသစ္စာပြုပါသည်။]

“ကျွန်ုပ် ---------- သည် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်အဖြစ် ရွေးချယ်ခံရပြီးဖြစ်သဖြင့် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေကို ထိန်းသိမ်းကာကွယ်စောင့်ရှောက်ပြီး နိုင်ငံတော်၏ ဥပဒေများကိုလည်းလိုက်နာပါမည်။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်နှင့် နိုင်ငံသားများအပေါ် သစ္စာစောင့်သိရှိသေပါမည်။ ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး၊ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေးတို့ကို ထာဝစဉ်ဦးထိပ်ပန်ဆင်ဆောင်ရွက်ပါမည်။ ထို့ပြင် ယခု ကျွန်ုပ်ထမ်းဆောင်မည်ဖြစ်သော တာဝန်ဝတ္တရားများကို ဖြောင့်မတ်မှန်ကန်စွာ ဆောင်ရွက်မည်ဟု လေးနက်တည်ကြည်စွာကတိသစ္စာပြုပါသည်။”

**ဥက္ကဋ္ဌ။** ။ အားလုံးထိုင်နိုင်ပါပြီ။

**ဥက္ကဋ္ဌ။** ။ ယခု ကျွန်ုပ်ရဲ့ရှေ့မှောက်မှာ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ၄၀ ဦးက ကတိသစ္စာပြုလွှာပေါ်တွင် မိမိရဲ့ အမည်၊ ရာထူးကိုရေးသားပြီး လက်မှတ်ရေးထိုးရန်နှင့် အစည်းအဝေးအပြီးမှာ လွှတ်တော်ရုံးသို့ ကတိသစ္စာပြုလွှာကိုအပ်နှံရန်ဖြစ်ပါတယ်။ သက်ဆိုင်ရာ ကာယကံရှင်များ လက်မှတ်ရေးထိုးဖို့ဖြစ်ပါတယ်။

## ပြည်သူ့လွှတ်တော် အစည်းအဝေးအထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်းကြေညာခြင်း

**ဥက္ကဋ္ဌ။** ။ အစီအစဉ် ၃ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ ကျင်းပတဲ့ ပထမအကြိမ် ပြည်သူ့လွှတ်တော် တတိယပုံမှန်အစည်းအဝေး (၁၉) ရက်မြောက်နေ့မှာ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ စိစစ်ရေးကော်မတီရဲ့တင်ပြချက်အရ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ၃၉၄ ဦးရှိတဲ့အနက် ၃၇၇ ဦးတက်ရောက်ပါတယ်။ အစည်းအဝေးသို့တက်ရောက်ခွင့်ရှိသူဦးရေစုစုပေါင်းရဲ့ ၉၅.၆၉ ရာခိုင်နှုန်းရှိတဲ့အတွက် အစည်းအဝေးအထမြောက်ကြောင်းနှင့် စတင်ကြောင်းကြေညာပါတယ်။ (သြဘာသံများ)

## အစည်းအဝေးအစီအစဉ်ဖြန့်ဝေထားကြောင်း တင်ပြခြင်း

**ဥက္ကဋ္ဌ။** ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၄ နည်းဥပဒေခွဲ(ခ)အရ ပထမအကြိမ် ပြည်သူ့လွှတ်တော် တတိယပုံမှန်အစည်းအဝေး (၁၉) ရက်မြောက်နေ့အစီအစဉ်များကို ကြိုတင်ဖြန့်ဝေထားတဲ့အတိုင်း ဆက်လက်ဆောင်ရွက်သွားပါမယ်။

## ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ ခွင့်ပန်ကြားခြင်း

**ဥက္ကဋ္ဌ။** ။ ယခု အစည်းအဝေးမတက်ရောက်နိုင်တဲ့ လွှတ်တော်ကိုယ်စားလှယ်များ အတွက် ခွင့်ပန်ကြားရန် ဖြစ်ပါတယ်။

**ဦးအေးမြင့်(အတွင်းရေးမှူး၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များစိစစ်ရေးကော်မတီ)** ။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ပထမအကြိမ် ပြည်သူ့လွှတ်တော် တတိယပုံမှန်အစည်းအဝေး (၁၉) ရက်မြောက်နေ့ ၂၃-၄-၂၀၁၂ ရက်နေ့တွင် အစည်းအဝေး မတက်ရောက်နိုင်သဖြင့် ခွင့်တိုင်ကြားသူလွှတ်တော်ကိုယ်စားလှယ်များစာရင်းကို ပြည်သူ့လွှတ်တော်

ကိုယ်စားလှယ်များစိစစ်ရေးကော်မတီဥက္ကဋ္ဌကိုယ်စား ကျွန်တော် ဦးအေးမြင့်မှ စုစည်းတင်ပြသွားမှာဖြစ်ပါတယ်။ ယနေ့ခွင့်တိုင်ကြားသူ ၁၇ ဦးရှိပြီး အောက်ပါအတိုင်းဖြစ်ပါတယ်-

(၁) ကျောက်တံတားမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးစိုးဝင်း

(၂) ဇီးကုန်းမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးခင်မောင်မြင့် တို့သည် ယနေ့ကျင်းပပြုလုပ်တဲ့ ပြည်သူ့လွှတ်တော်အစည်းအဝေးအား ခွင့် ၁ ရက်အဖြစ်လည်းကောင်း

(၃) သရက်ချောင်းမဲဆန္ဒနယ်မှ ဦးကင်းစိန်

(၄) အမ်းမဲဆန္ဒနယ်မှ ဦးသိန်းဆွေ

(၅) ချောင်းဆုံမဲဆန္ဒနယ်မှ ဦးလှမောင်တို့သည် ၂၃-၄-၂၀၁၂ ရက်နေ့မှ ၂၄-၄-၂၀၁၂ ရက်နေ့အထိ ခွင့် ၂ ရက်အဖြစ်လည်းကောင်း

(၆) ဒဂုံမြို့သစ်အရှေ့ပိုင်းမဲဆန္ဒနယ်မှ ဦးမြင့်သူ

(၇) ရွှေဘိုမဲဆန္ဒနယ်မှ ဒေါက်တာအောင်သန်း

(၈) ထန်တလန်မဲဆန္ဒနယ်မှ ဒေါ်ဇာတလဲမ်း

(၉) ကျိုက်မရောမဲဆန္ဒနယ်မှ ဒေါ်မိယဉ်ချမ်း တို့သည် ၂၃-၄-၂၀၁၂ ရက်နေ့မှ ၂၅-၄-၂၀၁၂ ရက်နေ့အထိ ခွင့် ၃ ရက်အဖြစ်လည်းကောင်း

(၁၀) ဗဟန်းမဲဆန္ဒနယ်မှ ဒေါက်တာမောင်မောင်ဝင့်

(၁၁) ဆော့လော်မဲဆန္ဒနယ်မှ ဦးဇောင်းခေါင်

(၁၂) ပင်လောင်းမဲဆန္ဒနယ်မှ ဦးခွန်မောင်သောင်း

(၁၃) ခန္တီးမဲဆန္ဒနယ်မှ ဦးလှထွန်းတို့သည် ၂၃-၄-၂၀၁၂ ရက်နေ့မှ ၂၇-၄-၂၀၁၂ ရက်နေ့အထိ ခွင့် ၅ ရက်အဖြစ်လည်းကောင်း

(၁၄) မှော်ဘီမဲဆန္ဒနယ်မှ ဦးကြည်မြင့် သည် ၂၃-၄-၂၀၁၂ ရက်နေ့မှ ၃၀-၄-၂၀၁၂ ရက်နေ့အထိ ခွင့် ၈ ရက်အဖြစ်လည်းကောင်း

(၁၅) ဆိပ်ကမ်းမဲဆန္ဒနယ်မှ ဒေါက်တာနေလင်းသည် ၂၃-၄-၂၀၁၂ ရက်နေ့မှ ၄-၅-၂၀၁၂ ရက်နေ့အထိ ခွင့် ၁၂ ရက်အဖြစ်လည်းကောင်း

(၁၆) မိုးကုတ်မဲဆန္ဒနယ်မှ ဦးဘဌေးသည် ၂၃-၄-၂၀၁၂ ရက်နေ့မှ ၂၂-၅-၂၀၁၂ ရက်နေ့ထိ ခွင့် ၃၀ ရက်အဖြစ်လည်းကောင်း

(၁၇) ဆားလင်းကြီးမဲဆန္ဒနယ်မှ ဦးသန်းမြင့်သည် ယနေ့ကျင်းပပြုလုပ်တဲ့ ပြည်သူ့လွှတ်တော် အစည်းအဝေးမှအစည်းအဝေးပြီးဆုံးသည်အထိလည်းကောင်း ခွင့်အသီးသီးတင်ပြလာပါသည်။

သို့ဖြစ်ပါ၍ အထက်ပါ ကိုယ်စားလှယ်များရဲ့ခွင့်တင်ပြချက်များကို ခွင့်အဖြစ်သတ်မှတ်ပေးပါရန် လေးစားစွာတင်ပြအပ်ပါတယ်။

**ဥက္ကဋ္ဌ။** ။ ခွင့်ပြုပါတယ်။

## ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှုအခြေအနေကို မှတ်တမ်းတင်ခြင်း

**ဥက္ကဋ္ဌ။** ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့အစည်းအဝေးမှာ တက်ရောက်ခွင့်ရှိတဲ့ လွှတ်တော်ကိုယ်စားလှယ် ၃၉၄ ဦး၊ ယနေ့ခွင့်ပြုထားသူ ၁၇ ဦးဖြစ်၍ လွှတ်တော်က ခွင့်ပြုထားသူစုစုပေါင်း ၁၇ ဦးဖြစ်ပါတယ်။ ခွင့်မဲ့ပျက်ကွက်သူမရှိပါ။ ယခု လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှုအခြေအနေကို လွှတ်တော်ရဲ့အတည်ပြုချက်ရယူပါမယ်။ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှုအခြေအနေတင်ပြချက်ကို လွှတ်တော်က အတည်ပြုပါသလားခင်ဗျား။

[ သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်ကအတည်ပြုပါသည်။]

**ဥက္ကဋ္ဌ။** ။ လွှတ်တော်ကအတည်ပြုတဲ့အတွက် ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှုအခြေအနေကို အတည်ပြုမှတ်တမ်းတင်ကြောင်းကြေညာပါတယ်။ (သြဘာသံများ)

## ကြယ်ပွင့်ပြထားသည့်မေးခွန်းများကို ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များကမေးမြန်းခြင်းနှင့် သက်ဆိုင်ရာပြည်ထောင်စုအဆင့်အဖွဲ့အစည်းဝင်များကဖြေကြားခြင်း

**ဥက္ကဋ္ဌ။** ။ အစီအစဉ် ၆ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ မေးခွန်းများမေးမြန်းခြင်း၊ ဖြေကြားခြင်းအစီအစဉ်စတင်ဆောင်ရွက်ပါမယ်။

**ယာဉ်ကြီး/ယာဉ်ငယ်ထိခိုက်မှုပြဿနာနှင့်စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ ပထမဦးစွာ မူဆယ်မဲဆန္ဒနယ်မှ ဦးစိုင်းဘိုးအောင်အား မေးမြန်းဖို့ဖိတ်ခေါ် ပါတယ်။

**ဦးစိုင်းဘိုးအောင်(မူဆယ်မဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ မင်္ဂလာအပေါင်းနှင့် ပြည့်စုံကြပါစေလို့ ဦးစွာ ဆုတောင်းမေတ္တာပို့သအပ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ ဒီကနေ့ကျင်းပတဲ့ ပြည်သူ့လွှတ်တော် တတိယ ပုံမှန်အစည်းအဝေးမှာ ယာဉ်ကြီး/ယာဉ်ငယ် ထိခိုက်မှုနဲ့ပတ်သက်တဲ့ မေးခွန်းတစ်ခုကို မေးမြန်း လိုပါတယ်။

မော်တော်ယာဉ်နှင့်သက်ဆိုင်သော တည်ဆဲဥပဒေများဖြစ်ကြတဲ့ The Burma Motor Vehicle Act, 1915 ကုန်းလမ်းနှင့်ပြည်တွင်းရေကြောင်းသယ်ယူပို့ဆောင်ရေးလုပ်ငန်းဥပဒေ၊ မော်တော်ယာဉ်ဥပဒေ ၁၉၆၄ အရလည်းကောင်း၊ မော်တော်ယာဉ်တိုက်ခိုက်မှုများနှင့်ပတ်သက်၍ စစ်ဆေးအရေးယူတဲ့ ပြစ်မှုဆိုင်ရာဥပဒေ၊ ရာဇသတ်ကြီးဥပဒေပုဒ်မများအရ လည်းကောင်း၊ မော်တော်ယာဉ်ကြောင့် ထိခိုက်နစ်နာမှုများကို စစ်ဆေးအရေးယူရာမှာ ယာဉ်ကြီး/ယာဉ်ငယ် ခွဲခြား သတ်မှတ်အရေးယူရန် ပြဋ္ဌာန်းချက်များပါရှိတာကို မတွေ့ရှိရပါ။ သို့သော် လက်တွေ့မှာ ယာဉ်ကြီးနှင့် ယာဉ်ငယ်ထိခိုက်တိုက်မိခြင်းများမှာ အထူးသဖြင့် ကုန်တင်ယာဉ်ကြီးများ သွားလာမှုများပြားပြီး မော်တော်ဆိုင်ကယ်အလွန်ပေါများတဲ့ ကျွန်တော်တို့နယ်တွေမှာ ယာဉ်ငယ်က မည်မျှပင် စည်းကမ်း ဖောက်ဖျက်မှားယွင်းနေသည်ဖြစ်ပါစေ ယာဉ်ကြီးများက မည်မျှပင်မှန်ကန်သည်ဆိုစေကာမူ ယာဉ်ကြီး ရဲ့အမှားအဖြစ်သတ်မှတ်အရေးယူ ပြစ်ဒဏ်ပေးနေတာကို တွေ့ရှိနေရပါတယ်။ ထိုသို့ သတ်မှတ် အပြစ်ပေးအရေးယူမှုများကို အခွင့်ကောင်းယူကာ ယခုအခါ ဆိုင်ကယ်စီးသူများက တမင်တကာ လမ်းစည်းကမ်း ဖောက်ဖျက်စီးနင်းခြင်း၊ တမင်မတော်တဆဖြစ်အောင် လုပ်ဆောင်လျော်ကြေး တောင်းဆိုခြင်းများပြုလုပ်နေတာကို တွေ့ရှိနေရပါတယ်။ သို့ဖြစ်ပါ၍ သက်ဆိုင်ရာဌာနနှင့် အဖွဲ့ အစည်းများက ဥပဒေနှင့်မညီညွတ်သော ဖော်ပြပါ ယာဉ်ကြီး/ယာဉ်ငယ် ထိခိုက်မှုပြဿနာများအား ဥပဒေနှင့်အညီဖြစ်စေရန် မည်ကဲ့သို့ ကြပ်မတ်ပြုပြင်ပေးနိုင်မည်နှင့် မော်တော်ယာဉ်မျိုးစုံ ဦးရေ တိုးတက်များပြားလာတဲ့ မျက်မှောက်ကာလမှာ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းလိုက်နာမှု တိုးတက်ကောင်းမွန်အောင် မည်ကဲ့သို့ စီမံဆောင်ရွက်နေသည်ကို သိရှိလိုပါတယ်ခင်ဗျား။ ကျေးဇူးတင် ပါတယ်။ (ဩဘာသံများ)

**ဥက္ကဋ္ဌ**။ ။ သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးဌာနက ဖြေကြားဖို့ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဗိုလ်မှူးချုပ်ကျော်ဇံမြင့်(ဒုတိယဝန်ကြီး၊ ပြည်ထဲရေးဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ဖိတ်ကြားထားသော ဧည့်သည်တော်များအားလုံး မင်္ဂလာအပေါင်းနှင့်ပြည့်စုံပါစေလို့ ဦးစွာဆုတောင်းမေတ္တာပို့သအပ်ပါတယ်။ ယခု ရှမ်းပြည်နယ်၊ မူဆယ်မဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းဘိုးအောင်ရဲ့ လက်တွေ့မှာ ယာဉ်ကြီး/ယာဉ်ငယ် ထိခိုက်တိုက်ခိုက်မှုများ၌ ယာဉ်ကြီးရဲ့အမှားအဖြစ် သတ်မှတ်အရေးယူပြစ်ဒဏ်ပေးနေသည်ကိုတွေ့ရသဖြင့် ဥပဒေနှင့်မညီညွတ်သော ယာဉ်ကြီး/ယာဉ်ငယ် ထိခိုက်မှုပြဿနာများအား ဥပဒေနှင့်အညီဖြစ်စေရန်နှင့်စပ်လျဉ်းတဲ့မေးခွန်းကို ကျွန်တော် ပြည်ထဲရေးဝန်ကြီးဌာနက ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဇံမြင့်က ဖြေကြားသွားမှာဖြစ်ပါတယ်။ ကျွန်တော်တို့ မြန်မာနိုင်ငံမှာ ၁၉၆၄ ခုနှစ်က မော်တော်ယာဉ်ဥပဒေကို ပြဋ္ဌာန်းခဲ့ပြီး ၁၉၈၉ ခုနှစ်မှာ မော်တော်ယာဉ် နည်းဥပဒေများနှင့် လမ်းညွှန်များ၊ လမ်းအမှတ်အသားများနှင့် အချက်ပြများ၊ ညွှန်ကြားချက်ကို ထုတ်ပြန်ခဲ့ပြီးဖြစ်ပါတယ်။ ဒါ့အပြင် ၂၀၀၀ ပြည့်နှစ်မှာ လမ်းမကြီးများဥပဒေနဲ့ ၂၀၀၂ ခုနှစ်မှာ လမ်းမကြီးများဆိုင်ရာ နည်းဥပဒေများကိုလည်း ပြဋ္ဌာန်းထားရှိပြီးဖြစ်ပါတယ်။ အဲ့ဒီလို ထုတ်ပြန်ထား ရှိပြီး ယာဉ်မတော်တဆမှုဖြစ်ပေါ်လာတဲ့အခါမှာ လူ့အသက်ကို ဘေးဖြစ်စေအောင် အရမ်း သို့မဟုတ် ပေါ့လျော့စွာပြုခြင်းဖြင့် လူကိုသေဆုံးစေခြင်း၊ အပြင်းအထန်နာကျင်စေခြင်း၊ သာမန်နာကျင်စေခြင်း သို့မဟုတ် အဲ့ဒီလို ဘေးဖြစ်စေလောက်အောင် ယာဉ်ကိုမောင်းခဲ့ခြင်းစတဲ့ ပြစ်မှုကျူးလွန်သူတွေအပေါ် ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၃၀၄ ပုဒ်မခွဲ (က)၊ ပုဒ်မ ၃၃၈၊ ပုဒ်မ ၃၃၇ နဲ့ ပုဒ်မ ၂၇၉ တို့အရ ကျူးလွန်တဲ့ ပြစ်မှုတွေအပေါ်မူတည်ပြီး အရေးယူဆောင်ရွက်လျက်ရှိပါတယ်။ ယာဉ်တိုက်မှုဖြစ်ပွားရခြင်းမှာ အဓိကအကြောင်းအရင်း ၄ ချက်ရှိပါတယ်။ လူရဲ့မှားယွင်းမှုကြောင့်၊ ယာဉ်ချို့ယွင်းမှုကြောင့်၊ လမ်းချို့ယွင်းမှုကြောင့်နဲ့ ရာသီဥတုကြောင့်ပဲဖြစ်ပါတယ်။ လူရဲ့မှားယွင်းမှုကြောင့်ဆိုရာမှာ ယာဉ်မောင်းသူရဲ့မှားယွင်းမှုနဲ့ လမ်းအသုံးပြုသူများရဲ့ မှားယွင်းမှုဆိုပြီး ထပ်မံခွဲခြားနိုင်ပါတယ်။ ဒီလို မှားယွင်းမှုတွေမဖြစ်ပွားစေဖို့ ယာဉ်မောင်းသူနှင့် လမ်းအသုံးပြုသူတွေ လိုက်နာဆောင်ရွက်ရမည့် အချက်များကို ၁၉၈၉ ခုနှစ် မော်တော်ယာဉ်နည်းဥပဒေများရဲ့ အခန်း (၇) မှာ မော်တော်ယာဉ် သွားလာမှုစည်းကမ်းများတွင် ယာဉ်နှင့်သက်ဆိုင်သူများ လိုက်နာရန်စည်းကမ်းများ၊ မော်တော်ဆိုင် ကယ်စီးနင်းသူများလိုက်နာရမည့် စည်းကမ်းချက်များနှင့် အခန်း (၉) မှာ စက်ဘီးစီးသူများ လိုက်နာ

ရမည့်စည်းကမ်းများကို ဖော်ပြထားရှိပြီးဖြစ်ပါတယ်။ ယာဉ်ချို့ယွင်းမှုကြောင့် ယာဉ်မတော်တဆမှုတွေ မဖြစ်ပွားစေဖို့ ယာဉ်တွေအစဉ်ကောင်းမွန်နေစေဖို့လည်း လိုအပ်ပါတယ်။ မော်တော်ယာဉ်ဟူသမျှကို အခါခပ်သိမ်းမော်တော်ယာဉ်မောင်းနှင်တဲ့သူတွေက ထိရောက်စွာထိန်းသိမ်းနိုင်အောင် တည်ဆောက်ပြုပြင်ထားရှိရမယ်လို့လည်း ၁၉၆၄ ခုနှစ် မော်တော်ယာဉ်ဥပဒေရဲ့ အခန်း(၂) ပုဒ်မ ၅ မှာလည်း ပြဋ္ဌာန်းထားရှိပြီးဖြစ်ပါတယ်။ လမ်းချို့ယွင်းမှုကြောင့် ဖြစ်ပွားတဲ့ယာဉ်မတော်တဆမှုများ လျော့နည်းစေဖို့အတွက်ကို ယာဉ်တိုက်မှုမကြာခဏဖြစ်ပေါ်လေ့ရှိတဲ့နေရာများကို လေ့လာသုံးသပ်ပြီး ပြုပြင်တည်ဆောက်ခြင်းများလည်း ဆောင်ရွက်လျက်ရှိပါတယ်။ ရာသီဥတုဆိုးရွားချိန်မှာ ယာဉ်မတော်တဆမှုတွေမဖြစ်ပွားစေဖို့ အဲဒီလိုအချိန်မှာ မောင်းနှင်တဲ့ယာဉ်မောင်းသူတွေအနေနဲ့ အထူးဂရုပြုမောင်းနှင်ရမှာပဲဖြစ်ပါတယ်။ အကြောင်းအမျိုးမျိုးကြောင့် ယာဉ်မတော်တဆမှုများ ဖြစ်ပွားလို့ရှိရင် ၁၉၆၄ ခုနှစ် မော်တော်ယာဉ်ဥပဒေနှင့် ၁၉၈၉ ခုနှစ် မော်တော်ယာဉ်နည်းဥပဒေတို့နှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိပြီး ဒီဥပဒေမှာ ယာဉ်မတော်တဆဖြစ်ပွားမှုများနှင့်ပတ်သက်ပြီး ယာဉ်ကြီး၊ ယာဉ်ငယ်ခွဲခြားအပြစ်ပေးအရေးယူဖို့ သတ်မှတ်ပြဋ္ဌာန်းထားခြင်းလည်း မရှိပါဘူး။ ယာဉ်မတော်တဆဖြစ်ပွားမှုများကို အပြစ်ပေးအရေးယူရာမှာလည်း အဲ့ဒီမော်တော်ယာဉ်တွေကို မောင်းနှင်တဲ့ ယာဉ်မောင်းသူတွေထဲက စည်းကမ်းဖောက်ဖျက်တဲ့၊ မှားယွင်းတဲ့ယာဉ်မောင်းသူများကိုသာ အပြစ်ပေးအရေးယူခြင်းများဖြစ်ပါတယ်။ မော်တော်ယာဉ်ကို အပြစ်ပေးအရေးယူတာမရှိပါဘူး။ ယာဉ်မတော်တဆမှုတွေဖြစ်ပေါ်လာပါက တရားရုံးကိုတရားစွဲဆိုတင်ပို့ခြင်းမပြုခင် အမှုကိုသက်ဆိုင်ရာရဲတပ်ဖွဲ့စခန်းနှင့် ယာဉ်ထိန်းရဲတပ်ဖွဲ့ဝင်တွေက တရားလို၊ တရားခံစစ်ဆေးချက်များ၊ မျက်မြင်သက်သေများနှင့် ထွက်ဆိုချက်၊ အခင်းဖြစ်နေရာက သိမ်းဆည်းရမိတဲ့ သက်မဲ့သက်သေခံပစ္စည်းများ၊ အခင်းဖြစ်ရပ်မြေပုံကြမ်း၊ သက်ဆိုင်ရာဆရာဝန်ဆီက ရဲဆေးစာပြန်ကြားချက်တို့နှင့်အညီ အမှုကို ဥပဒေအကြံတောင်းခံရပါတယ်။ ရရှိတဲ့ဥပဒေအကြံပြုချက်နှင့်အညီ ယာဉ်ကြီး၊ ယာဉ်ငယ်မခွဲခြားဘဲ သက်သေခံချက်များအရ အဲ့ဒီလို အရမ်း သို့မဟုတ် ပေါ့လျော့စွာဆောင်ရွက်ခဲ့တယ်လို့ ပေါ်ပေါက်သူကသာ ပြစ်မှုကျူးလွန်သူ စွပ်စွဲခံရသူအဖြစ် တရားစွဲဆိုတင်ပို့ရပါတယ်။ အဲ့ဒီလို စုံစမ်းထောက်လှမ်းတဲ့အဆင့်မှာ ပြစ်မှုကျူးလွန်ကြောင်းမပေါ်ပေါက်ခဲ့ရင် ရဲတပ်ဖွဲ့ကအစွပ်စွဲခံရသူကို ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေပုဒ်မ ၁၆၉ အရ လွှတ်ထားခွင့်ရှိပါတယ်။ တရားစွဲဆိုတင်ပို့ပြီးနောက်ပိုင်းမှာလည်း အမှုကို တရားရုံးက စုံစမ်းစစ်ဆေးစဉ်ဖြစ်စေ၊ စစ်ဆေးစီရင်စဉ်ဖြစ်စေ၊ တရားရုံးရှေ့ပေါ်ပေါက်တဲ့ သက်သေခံချက်များအရ စွပ်စွဲခံရသူအနေနဲ့ ယာဉ်ကို အရမ်း သို့မဟုတ် ပေါ့လျော့စွာမောင်းနှင်အသုံးပြုခဲ့ကြောင်း မတွေ့

ရှိခဲ့လျှင် အမှုရဲ့ဘယ်အဆင့်မှာမဆို အမှုစစ်တရားသူကြီးက အစွပ်စွဲခံရသူကို အမှုရဲ့အဆင့်အလိုက် ပြစ်မှုဆိုင်ရာ ကျင့်ထုံးဥပဒေပုဒ်မ ၂၅၃(၁) အရ စွဲချက်မတင်မီ လွှတ်ခြင်း သို့မဟုတ် ပြစ်မှုဆိုင်ရာ ကျင့်ထုံး ဥပဒေပုဒ်မ ၂၅၈(၁)အရ အမှုမှ အပြီးအပြတ်လွှတ်ခြင်းများကို အမိန့်ချမှတ်ဆောင်ရွက်ရပါတယ်။ အမှုစစ်ဆေးစီရင်ခြင်း ပြီးဆုံးပြီးနောက်ပိုင်းမှာ စွပ်စွဲခံရသူက ယာဉ်ကို အရမ်း သို့မဟုတ် ပေါ့လျော့စွာ မောင်းနှင်ခဲ့တယ်လို့တွေ့ရှိမှသာ အပြစ်ရှိတယ်လို့ဆုံးဖြတ်ပြီး ထိုက်သင့်တဲ့ ပြစ်ဒဏ် ချမှတ်ရပါတယ်။ ဒီလိုပြစ်ဒဏ်ချမှတ်ရာမှာလည်း တရားခံကျူးလွန်တဲ့ ပြစ်မှုရဲ့အတိုင်းအတာ၊ ပြစ်မှု ကျူးလွန်ပြီးနောက် တရားခံရဲ့ ပြုမူဆောင်ရွက်ခြင်းတို့ပေါ်မူတည်ပြီး ချမှတ်ရခြင်းဖြစ်ပါတယ်။ တရားခံအနေနဲ့ မှုခင်းဖြစ်ပွားချိန်မှာ ယာဉ်ကြီးမောင်းသည်ဖြစ်စေ၊ ယာဉ်ငယ်မောင်းသည်ဖြစ်စေ အရမ်း သို့မဟုတ် ပေါ့လျော့စွာ ဆောင်ရွက်ခဲ့ခြင်းမရှိလျှင် ဘယ်လိုမှ အရေးယူအပြစ်ပေးနိုင်မှာ မဟုတ်ပါဘူး။ သို့ဖြစ်ပါ၍ ယာဉ်တိုက်မှုဆိုင်ရာဥပဒေများကို ဥပဒေနှင့်အညီဖြစ်စေဖို့မှာ မော်တော်ယာဉ်ဥပဒေမှာ ယာဉ်ကြီး၊ ယာဉ်ငယ်ဆိုပြီး ခွဲခြားသတ်မှတ်ပြဋ္ဌာန်း အရေးယူရခြင်းမျိုး မဟုတ်ဘဲ ယာဉ်ကြီးဖြစ်စေ၊ ယာဉ်ငယ်ဖြစ်စေ ဥပဒေလုပ်ထုံးလုပ်နည်းများနှင့်အညီ မှန်ကန်စွာစုံစမ်း စစ်ဆေးပြီး စည်းကမ်းဖောက်ဖျက်တဲ့၊ ပြစ်မှုကျူးလွန်တဲ့ ယာဉ်မောင်းသူကိုသာ အရေးယူဆောင်ရွက် လျက်ရှိပါကြောင်း ဖြေကြားအပ်ပါတယ်။ အားလုံးကိုကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**အိမ်ပွဲစား၊ မြေပွဲစား၊ အိမ်အရောင်းအဝယ်သမား နာမည်ခံအတုအယောင်တို့အား တားမြစ်သည့်ဥပဒေ ရှိ၊ မရှိ နှင့်စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ။** ။ ချမ်းမြသာစည်မဲဆန္ဒနယ်မှ ဦးတင်မောင်အား မေးမြန်းဖို့ ဖိတ်ခေါ်ပါတယ်။

**ဦးတင်မောင်(ချမ်းမြသာစည်မဲဆန္ဒနယ်)။** ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ဖိတ်ကြားထားသော ဧည့်သည်တော်များခင်ဗျား။ မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သပါရစေ။ ကျွန်တော်ကတော့ မန္တလေးတိုင်းဒေသကြီး၊ ချမ်းမြသာစည် မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးတင်မောင် ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ဥပဒေနှင့် တရားစီရင်ရေးဆိုင်ရာ မေးခွန်းနှစ်ခုကို မေးမြန်းသွားမှာ ဖြစ်ပါတယ်ခင်ဗျား။ ဥက္ကဋ္ဌကြီးခင်ဗျား။ မန္တလေးတိုင်းဒေသကြီး၊ မန္တလေးမြို့တွင် ဥပဒေကို လက်တစ်လုံးကြားပြုလုပ်ပြီး သက်သေအတု၊ ဟန်ဆောင်စာချုပ်အတု၊ စရန်ပေးစာချုပ်၊ ၂၅ ကျပ်တန်စာချုပ်၊ ကိုယ်စားလှယ်လွှဲစာနှင့် လက်မှတ် ထိုးခိုင်း၊ လက်ဗွေနှိပ်ခိုင်းပြီး အိမ်မြေပွဲစားအမည်ခံငွေရှင်များသည် အိမ်မြေများကို ၁၀၀ လျှင် ၆ ကျပ်၊ ၇ ကျပ်အတိုးဖြင့် တရားမဝင် အပေါင်ခံလုပ်ငန်းကို လုပ်ကိုင်နေကြပါသည်။ ၃ လပြည့်၍ အတိုးအရင်း

ကိုမပေးနိုင်လျှင် စရန်ပေးစာချုပ်တွင် သူတို့လိုသောငွေကိုထည့်ပြီး အိမ်ပေါင်၊ မြေပေါင်သူတို့အား တရားမလမ်းကြောင်းမှ တရားစွဲဆိုနေကြပါတယ်။ အတိုးပေါ်အတိုးဆင့်၍ စရန်ပေးစာချုပ်မှာ ဖော်ပြပြီး သက်သေခံမည့်သူကို ငွေပေး၍ စာချုပ်မှာလက်မှတ်ရေးထိုးစေကာ တရားရုံးလက်နှိပ်စက်စာရေး၊ တရားရုံးအကူစာရေး၊ တရားသူကြီးများကို လာဘ်ပေး၍အမှုကို အနိုင်ယူနေကြောင်း လေ့လာသိရှိရပါသည်။ သို့ပါ၍ ကျွန်တော်မေးလိုသည့် မေးခွန်းနံပါတ် (၁) မှာ အိမ်ပွဲစား၊ မြေပွဲစား၊ အိမ်အရောင်းအဝယ်သမား နာမည်ခံအတုအယောင်တို့အား တားမြစ်ပေးရန် အရေးကြီးလိုအပ်နေပြီဖြစ်ပါ၍ တားမြစ်ဥပဒေ ရှိ၊ မရှိသိလိုပါကြောင်းနှင့် ရှိလျှင်မည်ကဲ့သို့ စီစဉ်ဆောင်ရွက်မည်ကို သိလိုပါသည်။ နံပါတ် (၂) မေးခွန်းမှာ နိုင်ငံတော်တရားလွှတ်တော်ချုပ်၊ နေပြည်တော် ၂၀၁၁ ခုနှစ်၊ စက်တင်ဘာလတွင် ဒုတိယတရားမအယူခံအမှုများအား ပယ်သည့်ကိစ္စကို အကျဉ်းချုံးသိလိုပါသည်ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ။** ။ သက်ဆိုင်ရာပြည်ထောင်စုအဆင့်အဖွဲ့အစည်းဝင်က ဖြေကြားဖို့ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးစိုးညွန့်(တရားသူကြီး၊ ပြည်ထောင်စုတရားလွှတ်တော်ချုပ်)။** ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များအားလုံး မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ ပြည်ထောင်စုတရားလွှတ်တော်ချုပ် တရားသူကြီး ဦးစိုးညွန့် ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးတင်မောင် မေးမြန်းထားတဲ့ မေးခွန်းများနှင့်စပ်လျဉ်းပြီးတော့ ရှင်းလင်းဖြေကြားသွားမှာဖြစ်ပါတယ်။ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးတင်မောင်က အိမ်ပွဲစား၊ မြေပွဲစား၊ အိမ်အရောင်းအဝယ်သမား နာမည်ခံအတုအယောင်တို့အား တားမြစ်ထားတဲ့ ဥပဒေရှိ၊ မရှိသိလိုကြောင်း ပထမမေးခွန်းအနေနဲ့ မေးမြန်းထားပါတယ်။ ပထမမေးခွန်းတွင် မေးမြန်းထားတဲ့ အတုအယောင်ဆိုတဲ့သူတွေဟာ အိမ်မြေများကို ငွေ ၁၀၀ ကျပ်လျှင် ၇ ကျပ်တိုးနှုန်း၊ ၆ ကျပ်တိုးနှုန်းနဲ့ တရားမဝင်အပေါင်ခံလုပ်ငန်းကို လုပ်ကိုင်နေကြသူများဖြစ်တဲ့အတွက် ၎င်းတို့မှာ ချေးငွေကို ကြိုတင်ထုတ်ချေးတဲ့ငွေတိုးချစားသူများဖြစ်ကြပါတယ်။ ဒါကြောင့် ဤကဲ့သို့ တရားမဝင်ငွေတိုးချစားခြင်းနှင့်ပတ်သက်ပြီးတော့ ၎င်းတို့ကို ၁၉၄၅ ခုနှစ် ငွေတိုး ချစားသူများအက်ဥပဒေပုဒ်မ ၁၆(၁)၊ ပုဒ်မ ၁၇ တို့အရ တိုင်တန်းတရားစွဲဆိုအရေးယူနိုင်ပါတယ်။ ထို့အပြင် မည်သူမဆို မရိုးမဖြောင့်သောသဘောနှင့် သွေးဆောင်ခြင်းကြောင့် တစ်ဦးတစ်ယောက် သောသူမှာ ငွေရေးကြေးရေးအရ ထိခိုက်နစ်နာမှုရှိတယ်ဆိုပါက ပြစ်မှုဆိုင်ရာဥပဒေအခန်း (၁၇) ပါ

ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၄၁၇၊ ပုဒ်မ ၄၂၀ တို့အရလည်း အရေးယူနိုင်ရန် ပြဋ္ဌာန်းချက်များရှိပါတယ်။ လိမ်လည်လှည့်ဖြားမှုကျူးလွန်ရန် သို့မဟုတ် တစ်ဦးတစ်ယောက်သောသူအား နစ်နာဆုံးရှုံးစေရန် မဟုတ်မမှန်တဲ့ စာတမ်းအမှတ်အသားတစ်ခုခုကိုပြုမယ်ဆိုရင်တော့ ပြစ်မှုဆိုင်ရာဥပဒေအခန်း (၁၈) ပုဒ်မ ၄၆၅၊ ပုဒ်မ ၄၆၆၊ ပုဒ်မ ၄၆၈ တို့အရ အရေးယူနိုင်ရန် ပြဋ္ဌာန်းချက်များလည်းရှိပါကြောင်း တင်ပြလိုပါတယ်။ မမှန်သက်သေခံခြင်း၊ မမှန်သက်သေခံဖန်တီးတင်ပြခြင်းများဟာ ဖြောင့်မတ်စွာ တရားစီရင်ရေးကို ဆန့်ကျင်ရာရောက်တဲ့အတွက် ပြစ်မှုဆိုင်ရာဥပဒေ အခန်း (၁၁) ပါ ပြဋ္ဌာန်းချက်များအရ တိုင်တန်းတရားစွဲဆိုအရေးယူနိုင်ကြောင်းလည်း ရှင်းလင်းတင်ပြအပ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ဆက်လက်ပြီးတော့ အိမ်ပွဲစား၊ မြေပွဲစား၊ အိမ်အရောင်းအဝယ်သမား နာမည်ခံအတုအယောင်သမားတွေကနေပြီးတော့ တရားမဝင်အပေါင်ခံလုပ်ငန်းများကို လုပ်ကိုင်ပြီးတော့ ဟန်ဆောင်စာချုပ်ချုပ်ဆိုပြီးတော့ တရားရုံးမှာ အမှုစွဲဆိုလာတာမျိုးရှိလို့ရှိရင် တရားရုံးမှာ စစ်ဆေးတဲ့အခါမှာ အဲ့ဒီလိုစာချုပ်များဟာ အမှန်တကယ်အကျိုးသက်ရောက်စေရန် ရည်ရွယ်ချုပ်ဆိုထားတာမဟုတ်ဘဲ ဟန်ဆောင်စာချုပ်အဖြစ် ချုပ်ဆိုထားခြင်းသာဖြစ်ကြောင်း သက်သေခံဥပဒေပုဒ်မ ၉၂ အရလည်း တင်ပြခွင့်ရှိပါတယ်။ ထို့အပြင် အဲ့ဒီလိုစာချုပ်များဟာ တရားမဝင် ပျက်ပြယ်ကြောင်း သီးခြားတရားမမှု စွဲဆိုခွင့်လည်းရှိကြောင်းရှင်းလင်းဖြေကြားအပ်ပါတယ်ခင်ဗျား။ ဆက်လက်ပြီးတော့ တရားရုံးလက်နှိပ်စက်စာရေး၊ အကူစာရေး၊ တရားသူကြီးတွေကို လာဘ်ငွေပေးပြီး အနိုင်ယူတယ်ဆိုတဲ့ ကိစ္စနှင့်စပ်လျဉ်းပြီး ပြည်ထောင်စုတရားလွှတ်တော်ချုပ်အနေနဲ့ လက်အောက်တရားရုံးများမှာ လာဘ်ပေးလာဘ်ယူကင်းရှင်းစေရန်နှင့် အဂတိကင်းစေရန် အမြဲတစေကြပ်မတ်ဆောင်ရွက်လျက်ရှိပါတယ်။ လာဘ်ပေးလာဘ်ယူမှုပြုလုပ်ကြောင်း ပေါ်ပေါက်ပါက သက်ဆိုင်ရာတရားသူကြီးနှင့် အရာထမ်း၊ အမှုထမ်းများကို ထိုက်သင့်သလို အရေးယူကြပ်မတ်ထိန်းကျောင်းလျက်ရှိပါကြောင်း ရှင်းလင်းဖြေကြားအပ်ပါတယ်။

ဒုတိယမေးခွန်းနှင့်စပ်လျဉ်းပြီးတော့ ပြည်ထောင်စုတရားလွှတ်တော်ချုပ်မှာ ၂၀၁၁ ခုနှစ်၊ စက်တင်ဘာလအတွင်းက ကြားနာခဲ့တဲ့ တရားမဒုတိယအယူခံအမှုပေါင်း ၆၄ မှု ရှိခဲ့ပါတယ်။ အဲ့ဒီထဲမှာ အကျဉ်းနည်းနဲ့ပလပ်ခဲ့တဲ့အမှုပေါင်း ၂၇ မှု ရှိပါတယ်။ တရားမဒုတိယအယူခံအမှုများနှင့် ပတ်သက်ပြီးတော့ တရားမကျင့်ထုံးဥပဒေပုဒ်မ ၁၀၀ ပါ ပြဋ္ဌာန်းချက်များနှင့်အညီ ယခင်တရားရုံးချုပ်က အမှုများကို ကြားနာခဲ့တာဖြစ်ပါတယ်။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် ပြည်ထောင်စုတရားစီရင်ရေးဥပဒေတွေ ပြဋ္ဌာန်းပြီးတဲ့နောက်မှာတော့ ပြည်ထောင်စုတရား

လွှတ်တော်ချုပ်က အယူခံမှုများကို ကြားနာတဲ့အခါမှာ တရားမကျင့်ထုံးဥပဒေပုဒ်မ ၁၀၉ ပါ ပြဋ္ဌာန်းချက်များအရ လက်ခံကြားနာပါတယ်။ တရားမကျင့်ထုံးဥပဒေပုဒ်မ ၁၀၀ အရ တင်သွင်းတဲ့ တရားမဒုတိယအယူခံအမှုများမှာ အောက်ရုံးနှစ်ရုံးက အကြောင်းအချင်းအရာများနှင့် စပ်လျဉ်းပြီးတော့ တစ်သဘောတည်း ဆုံးဖြတ်ထားတဲ့ဟာမျိုးဖြစ်ပြီးတော့ တရားစီရင်ရေးတိမ်းစောင်းတဲ့အခြေအနေမျိုး မတွေ့ရှိရတဲ့အခါမျိုးမှာ၊ အယူခံရုံးက သက်သေခံချက်များကို စိစစ်တဲ့အခါမှာ၊ ဥပဒေအချက်အလက်တစ်ရပ်ကို အလွဲလွဲအမှားမှား ကောက်ယူသုံးသပ်ထားတာမျိုး မတွေ့ရတဲ့အခါမျိုးမှာ၊ အထောက်အထားမဲ့ ကောက်ယူဆုံးဖြတ်တာမျိုးမဟုတ်တဲ့အခါမျိုးမှာ၊ သက်သေခံမဝင်တဲ့ သက်သေခံချက်တွေပေါ်မှာအခြေပြုပြီးတော့ ကောက်ယူဆုံးဖြတ်တာမျိုး မပေါ်ပေါက်တဲ့အခါမျိုးမှာဆိုရင် အယူခံမှုများကို နှစ်ဖက်ကြားနာရန် မလိုအပ်တော့တဲ့အတွက် ထိုတရားမအယူခံမှုများကို အကျဉ်းနည်းဖြင့်ပယ်ခြင်းဖြစ်ပါတယ်။ ပြည်ထောင်စုတရားလွှတ်တော်ချုပ်က တရားမအယူခံအမှုများကို နှစ်ဖက်ကြားနာရန်သင့်၊ မသင့် အယူခံဝင်တဲ့သူကို ရှေ့ဦးစွာကြားနာရာမှာလည်း တရားမကျင့်ထုံးဥပဒေပုဒ်မ ၁၁၀ ပါပြဋ္ဌာန်းချက်များအရ အယူခံဝင်ရောက်တဲ့ ဒီဂရီဟာဆိုလို့ရှိရင် အောက်ရုံးရဲ့ဆုံးဖြတ်ချက်ကိုအတည်ပြုတဲ့ကိစ္စဖြစ်ပါက သက်ဆိုင်ရာအယူခံမှုမှာ အရေးယူလောက်တဲ့ ဥပဒေကြောင်းဆိုင်ရာပြဿနာပေါ်ပေါက်ခြင်းရှိ၊ မရှိကို စိစစ်ရပါတယ်။ အဲ့ဒီလို အယူခံလွှာမှာ အရေးယူလောက်တဲ့ဥပဒေကြောင်းဆိုင်ရာ ပြဿနာပေါ်ပေါက်ကြောင်း မတွေ့ရှိရတဲ့အမှုများမှာတော့ အမှုများကို လက်ခံကြားနာခြင်းမပြုတော့ဘဲနဲ့ အကျဉ်းနည်းအားဖြင့်ပယ်တဲ့ အမိန့်ချမှတ်ပါတယ်။ ဒါကြောင့် တရားလွှတ်တော်ချုပ်က အကျဉ်းနည်းဖြင့် ပလပ်ခဲ့တဲ့တရားမအယူခံမှုများမှာ ထိုကဲ့သို့ အရေးယူလောက်သော ဥပဒေပြဿနာပေါ်ပေါက်ခြင်းမရှိတဲ့ အမှုများသာဖြစ်ပါကြောင်း ရှင်းလင်းဖြေကြားအပ်ပါတယ်ခင်ဗျား။ (ဩဘာသံများ)

**ကုမ္ပဏီများသို့ဆောက်လုပ်ခွင့်ပြုထားသောကျောင်းများကဲ့သို့ ခွင့်ပြုငွေကိုချထားပေးရန်နှင့်စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ ကျောင်းကုန်းမဲဆန္ဒနယ်မှ ဦးသိန်းထွန်းအား မေးမြန်းဖို့ဖိတ်ခေါ်ပါတယ်။

**ဦးသိန်းထွန်း(ကျောင်းကုန်းမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ဧည့်သည်တော်များအားလုံး မင်္ဂလာအပေါင်းနှင့် ပြည့်စုံကြပါစေလို့ နှုတ်ခွန်းဆက်သဂါရဝပြုအပ်ပါတယ်။ ကျွန်တော်ကတော့ ဧရာဝတီတိုင်းဒေသကြီး၊

ကျောင်းကုန်းမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးသိန်းထွန်း ဖြစ်ပါတယ်။ လေးစားအပ်တဲ့ ဥက္ကဋ္ဌကြီးခင်ဗျား။ ပညာရေးဝန်ကြီးဌာနမှ ကျောင်းဆောင်သစ်များဆောက်လုပ်ခြင်း လုပ်ငန်းတွင် ပြည်သူထည့်ဝင်ငွေဖြင့် ဆောက်လုပ်ခွင့်ပြုသောကျောင်းများ၏ ခွင့်ပြုငွေအား ကုမ္ပဏီများသို့ ဆောက်လုပ်ခွင့်ပြုသောကျောင်းများကဲ့သို့ ခွင့်ပြုငွေကိုချထားပေးရန် အစီအစဉ် ရှိ၊ မရှိ သိရှိလို ကြောင်း မေးမြန်းလိုပါတယ်။ အကျိုးအကြောင်းဖော်ပြချက်အနေနဲ့ ပညာရေးဝန်ကြီးဌာနမှ ကျောင်းဆောင်သစ်များ ဆောက်လုပ်ခြင်းတွင် ကုမ္ပဏီများအား ဆောက်လုပ်ခွင့်ပြုခြင်းနှင့် ဒေသခံမိဘပြည်သူထည့်ဝင်ငွေဖြင့် ဆောက်လုပ်ခွင့်ပြုခြင်းရှိရာ ကုမ္ပဏီများမှ တည်ဆောက်ရန် ဌာနခွင့်ပြုငွေမှာ အလျား ၄၀ ပေ၊ အနံ ၃၀ ပေ သစ်၊အုတ်ညှပ်သွပ်မိုး တစ်ထပ်ဆောင်အတွက် ၁၄၄ သိန်း၊ အလျား ၆၀ ပေ၊ အနံ ၃၀ ပေ သစ်၊အုတ်ညှပ်သွပ်မိုး တစ်ထပ်ဆောင်အတွက် ၂၁၆ သိန်း၊ အလျား ၉၀ ပေ၊ အနံ ၃၀ ပေ အုတ်၊သစ်သွပ်မိုး တစ်ထပ်ဆောင်အတွက် ၃၂၄ သိန်းဖြစ်ပြီးတော့ ဒေသခံမိဘပြည်သူထည့်ဝင်ငွေနှင့် ကျောင်းဆောင်သစ်ဟောင်းမှ ဖျက်သိမ်းဆယ်တင်ပစ္စည်းဖြင့် ဆောက်လုပ်ခွင့်ပြုငွေ မှာ အလျား ၆၀ ပေ၊ အနံ ၃၀ ပေ အတွက် ၄၅ သိန်း၊ အလျား ၉၀ ပေ၊ အနံ ၃၀ ပေ အတွက် ၆၀ သိန်း ဖြစ်ပါတယ်။ အဲဒီတော့ ကုမ္ပဏီများကို ခွင့်ပြုတဲ့ငွေဟာ မိဘပြည်သူထည့်ဝင်ငွေထက် ကျောင်းနဲ့ ကြည့်မယ်ဆိုရင် ၅ ဆလောက်များနေတာ တွေ့ရပါတယ်။ ကျောင်းတွေကို ဥပမိရုပ်မကောင်းတဲ့ အခါမှာ အသစ်ပြန်လည်ဆောက်တဲ့အခါမှာ ကုမ္ပဏီများကို ချထားပေးတဲ့ကျောင်းတွေရှိတယ်။ ဒေသခံမိဘပြည်သူတွေ ထည့်ဝင်ပြီးတော့ ချထားပေးတဲ့ကျောင်းတွေရှိပါတယ်။ ထူးခြားချက်ကတော့ ကုမ္ပဏီများဆောက်လုပ်တဲ့ကျောင်းများဟာ မျက်နှာကြက်များပါပါတယ်။ လျှပ်စစ်မီးတပ်ဆင်ဖို့အတွက် ဝါယာလိုင်းတွေပါပါတယ်။ မျက်နှာကြက်ဆိုတာကလည်း ၂ ပေ ပတ်လည် ကျောက်ပြားဖြစ်သော်လည်းပဲ ကုမ္ပဏီများဆောက်သွားတဲ့အနေအထားမှာ သုံးထပ်သားကို ၄ ပေ ဆောက်သွားတာတွေ တွေ့ရပါတယ်။ သတ်မှတ်ထားတာကတော့ ၂ ပေပတ်လည် ကျောက်ပြား ဖြစ်ပါတယ်။ အဲဒီတော့ မိဘပြည်သူများ ထည့်ဝင်ပြီးဆောက်တဲ့ကျောင်းကတော့ မျက်နှာကြက်မပါပါဘူး။ လျှပ်စစ်မီးတပ်ဆင်ထားခြင်းမရှိပါဘူး။ သို့သော်ငွေအားဖြင့် ၅ ဆလောက်ကွာတဲ့အခါမှာ မိဘပြည်သူထည့်ဝင်ငွေ ကျောင်းများက အချို့ကျောင်းသာပြီးသွားပါတယ်။ အခင်းတွေမပြီးပါဘူး။ ကလေးတွေဟာ မြေကြီးပေါ်မှာ ဖင်ထိုင်ခုံလေးတွေနဲ့ခုပြီးတော့ စာသင်ရတဲ့ အနေအထားလေးတွေရှိတဲ့အတွက်ကြောင့် အခက်အခဲ မြောက်မြားစွာရှိပါတယ်။ ဒါကြောင့်မို့လို့ ပြည်သူထည့်ဝင်ငွေနဲ့ ဆောက်လုပ်ခွင့်ပြုပေးတဲ့ ကျောင်းများရဲ့ ခွင့်ပြုငွေကို ကုမ္ပဏီများကို ချထားပေးတဲ့ ဆောက်လုပ်ခွင့်ပြုပေးတဲ့ ကျောင်းများကဲ့သို့

ခွင့်ပြုငွေကိုချထားပေးရန် အစီအစဉ်ရှိ၊ မရှိ သိရှိလိုကြောင်း မေးမြန်းတင်ပြအပ်ပါတယ်ခင်ဗျား။ အားလုံးကျေးဇူးတင်ပါတယ်။ (ဩဘာသံများ)

**ဥက္ကဋ္ဌ။** ။ သက်ဆိုင်ရာပြည်ထောင်စုအဆင့်အဖွဲ့အစည်းဝင်က ဖြေကြားဖို့ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးအေးကြူ(ဒုတိယဝန်ကြီး၊ ပညာရေးဝန်ကြီးဌာန)။** ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ဖိတ်ကြားထားသော ဧည့်သည်များခင်ဗျား။ ဧရာဝတီတိုင်းဒေသကြီး၊ ကျောင်းကုန်းမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးသိန်းထွန်းရဲ့ မေးမြန်းချက်နှင့်စပ်လျဉ်းပြီးတော့ ကျွန်တော် ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအေးကြူက ရှင်းလင်းဖြေကြားတင်ပြမှာ ဖြစ်ပါတယ်ခင်ဗျား။ ကျောင်းဆောင်သစ်များ တည်ဆောက်ရာမှာ အမှန်တကယ်ကုန်ကျငွေကိုသာ နိုင်ငံတော်က ခွင့်ပြုပေးလျက်ရှိပါတယ်။ မိဘပြည်သူများမှ ထည့်ဝင်ပြီး မတည်ထားသောတန်ဖိုးနှင့် ကျောင်းဆောင်ဟောင်းများ ဖျက်သိမ်း၍ ဆောက်လုပ်ပါက ကျောင်းဆောင်ဟောင်းမှ ဆယ်တင်ပစ္စည်းများ ထည့်သွင်းအသုံးပြုနိုင်လျှင် ၎င်းပစ္စည်းများရဲ့ တန်ဖိုးတို့ကိုနုတ်ပယ်၍ ခွဲဝေပေးခြင်းသာဖြစ်ပါတယ်။ အဆိုပါတန်ဖိုးများကိုပါ ခွဲဝေပေးပါက အလွဲသုံးစားမှုများဖြစ်ပေါ်လာနိုင်ပါသဖြင့် စိစစ်ခွဲဝေပေးခြင်းသာဖြစ်ပါတယ်။ မိဘထည့်ဝင်ငွေ မရှိခြင်း၊ ဆယ်တင်ပစ္စည်းများအသုံးပြုနိုင်ခြင်းမရှိမှသာ ကုမ္ပဏီများသို့ ခွင့်ပြုသည့်နှုန်းအတိုင်း ခွဲဝေချထားပေးသွားမည်ဖြစ်ပါကြောင်းနှင့် လာမည့်စာသင်နှစ်မှာ အဆောက်အဦများနှင့်ပတ်သက်၍ ထင်သာမြင်သာဖြစ်အောင် ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း ရှင်းလင်းတင်ပြဖြေကြားအပ်ပါတယ်ခင်ဗျား။ (ဩဘာသံများ)

**ဥက္ကဋ္ဌ။** ။ ဒီကနေ့အတွက် မေးခွန်းများ မေးမြန်းဖြေကြားခြင်းအစီအစဉ်ပြီးပါပြီ။

## သူရဦးအောင်ကို၊ ကန်ပက်လက်မဲဆန္ဒနယ်က တရားစီရင်ရေးမဏ္ဍိုင်ဖြောင့်မတ်ကြံ့ခိုင်စေရန်အတွက် ဝိုင်းဝန်းကူညီထောက်မပေးရေးအဆိုတင်သွင်းခြင်းနှင့် လက်ခံဆွေးနွေးရန် သင့်၊ မသင့်အဆုံးအဖြတ်ရယူခြင်း

**ဥက္ကဋ္ဌ။** ။ ဆက်လက်ပြီး အစီအစဉ် ၇ ဆောင်ရွက်ပါမယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ကန်ပက်လက်မဲဆန္ဒနယ်မှ လွှတ်တော်ကိုယ်စားလှယ် သူရဦးအောင်ကိုအား

တရားစီရင်ရေးမဏ္ဍိုင် ဖြောင့်မတ်ကြံ့ခိုင်စေရန်အတွက် ဝိုင်းဝန်းကူညီထောက်မပေးရေး အဆိုကို တင်သွင်းဖို့ဖိတ်ခေါ်ပါတယ်။

**သူရဦးအောင်ကို(ကန်ပက်လက်မဲဆန္ဒနယ်)။** ။ လေးစားအပ်သော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်တော်ကြီးများခင်ဗျား။ မြန်မာနှစ်သစ်မှာ ကာယစိတ္တ သုခအဖြာဖြာနှင့်ပြည့်ဝကြပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါတယ်။ ကျွန်တော်ကတော့ ချင်းပြည်နယ်၊ ကန်ပက်လက်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် သူရဦးအောင်ကို ဖြစ်ပါတယ်။ တရားစီရင်ရေးနှင့် ဥပဒေရေးဆိုင်ရာကော်မတီကိုယ်စား ကျွန်တော်တင်ပြမှာကတော့ တရားစီရင်ရေးမဏ္ဍိုင်ဖြောင့်မတ်ကြံ့ခိုင်စေရန်အတွက် ဝိုင်းဝန်းကူညီထောက်မပေးရေးအဆို ဖြစ်ပါ တယ်။ ပထမအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး ၅-၉-၂၀၁၁ ရက်နေ့တွင် ပြည်သူ့လွှတ်တော် ရေးရာကော်မတီများ တိုးချဲ့ဖွဲ့စည်းပေးခဲ့ရာ တရားစီရင်ရေးနှင့်ဥပဒေရေးဆိုင်ရာ ကော်မတီလည်းပါဝင်ခဲ့ပါတယ်။ တရားစီရင်ရေးနှင့် ဥပဒေရေးဆိုင်ရာကော်မတီ စတင်ဖွဲ့စည်း တာဝန်ပေးချိန်မှ ယနေ့အထိ ကော်မတီ၏ဆောင်ရွက်ချက်အကျဉ်းချုပ်ကို ဦးစွာတင်ပြလိုပါတယ်။ အဖွဲ့ဝင် ၁၅ ဦးပါဝင်တဲ့ ဤကော်မတီကို အဖွဲ့ငယ် ၃ ခု ဖွဲ့စည်းလျက် အချိန်ပြည့်ရုံးထိုင်စေလျက် ရှိပါတယ်။ တာဝန်ကျအဖွဲ့ငယ်အနေဖြင့် ဒေသအသီးသီးမှရောက်ရှိလာတဲ့ တိုင်စာအမှုတွဲများကို လေ့လာစိစစ်၍ ကော်မတီစုံညီအစည်းအဝေးသို့တင်ပြပါတယ်။ ကော်မတီမှ အချက်အလက်ခိုင်မာ ပြည့်စုံသောအမှုတွဲများကို ပြည်ထောင်စုတရားလွှတ်တော်ချုပ်ရဲ့ သဘောတူညီချက်ဖြင့် သက်ဆိုင်ရာ တိုင်းဒေသကြီး/ပြည်နယ်တရားလွှတ်တော်များသို့ ပြန်လည်စိစစ်ဆောင်ရွက်နိုင်ရန် လွှဲပြောင်းပေးပို့ လျက်ရှိပါတယ်။ ၂၀၁၁ ခုနှစ်၊ ဒီဇင်ဘာလအတွင်းမှာ ပြည်ထောင်စုတရားလွှတ်တော်ချုပ်၊ ပြည်ထောင်စုရှေ့နေချုပ်ရုံး တာဝန်ရှိပုဂ္ဂိုလ်များနဲ့ ၂ ကြိမ်တွေ့ဆုံ၍ အမှုတွဲဟောင်းများကိစ္စကိုလည်းပဲ ညှိနှိုင်းဆွေးနွေးစီမံခဲ့ပါတယ်။ ထူးခြားချက်တစ်ခုအနေနဲ့ ၂၀၁၁ ခုနှစ်၊ ဒီဇင်ဘာလ ၂၉ ရက်နေ့မှာ တရားစီရင်ရေးနှင့် ဥပဒေရေးဆိုင်ရာကော်မတီနှင့် သတင်းမီဒီယာအဖွဲ့များ ပထမအကြိမ် တွေ့ဆုံ ရှင်းလင်းမှုပြုလုပ်ခဲ့ပါတယ်။ အဲ့ဒီလိုတွေ့ဆုံချိန်မှာ ကော်မတီရဲ့လုပ်ငန်းတာဝန်များကို အဓိကရှင်းလင်း ပြောကြားခဲ့ပါတယ်။ အကြောင်းအရာများဟာ အများပြည်သူစိတ်ဝင်စားကြပြီးတော့မှ အဓိပ္ပာယ် ကျယ်ပြန့်တဲ့ သဘောသဘာဝရှိတာကြောင့် နားလည်မှုကွဲပြားမှုမရှိစေဖို့ ရှင်းလင်းပြောကြားချက်ကို ကြိုတင်ရေးသားထားသည့်အတိုင်း ဖတ်ကြားရှင်းလင်းပြီးတော့မှ တက်ရောက်သော မီဒီယာများ ကိုလည်းကြိုတင်ဖြန့်ဝေပေးခဲ့ပါတယ်။ သတင်းမီဒီယာအဖွဲ့များကနေပြီးမှ မေးခွန်းများဆက်လက်

မေးမြန်းကြတဲ့အခါမှာ လက်ရှိတရားစီရင်ရေးနယ်ပယ်မှာ အဂတိလိုက်စားမှုများ လွန်စွာများပြား နေသည်ဟုကြားသိနေရကြောင်း၊ တရားစီရင်ရေးမဏ္ဍိုင်ဟာ တိမ်းစောင်းယိမ်းယိုင်နေကြောင်း၊ ပြည်သူအများစုဟာ ဥပဒေရဲ့ အကာအကွယ်မရဟုထင်မြင်ခံစားနေကြကြောင်း၊ ထိုအခြေအနေကို မည်သို့ကာကွယ်ကုစားနိုင်မည်ကိုသိရှိလိုကြောင်းမေးမြန်းကြပါတယ်။ မေးမြန်းချက်အပေါ် ကော်မတီမှ ဖြေကြားရာတွင် အုပ်ချုပ်ရေးကလွှမ်းမိုးသောတရားစီရင်ရေးစနစ် အနာဂတ်ကာလတွင်ရှိတော့မည် မဟုတ်ကြောင်း၊ တရားစီရင်ရေးလုပ်ငန်းတွင်ပါဝင်ပတ်သက်နေကြသော တရားသူကြီးများ၊ ဥပဒေ ဝန်ထမ်းများ၊ ရှေ့နေများ၊ အမှုလိုက်အမှုပွဲစားများ၊ သက်သေဆင့်ခေါ်သူများ၊ ဝန်ထမ်းများ အဂတိလိုက်စားပါက တည်ဆဲဥပဒေများအရ ထိရောက်စွာအရေးယူ ဟန့်တားနိုင်ခြင်းမပြုနိုင်လျှင် ဟန့်တားနိုင်သောဥပဒေ လိုအပ်ပါကဥပဒေကြမ်းရေးဆွဲကာ လွှတ်တော်သို့ တင်ပြသွားရန်ရှိကြောင်း ရှင်းလင်းပြောကြားခဲ့ပါတယ်။

သတင်းမီဒီယာများမှ ပြည်ထောင်စုတရားလွှတ်တော်ချုပ်၊ တရားသူကြီးများ၏သက်တမ်းကို ပြည်ထောင်စုအစိုးရအဖွဲ့သက်တမ်းနှင့် တစ်ပြေးညီဖြစ်အောင်ပြန်လည်ပြင်ဆင်မည်ဟု သတင်းများ ဖြစ်ပေါ်နေရာ မှန်ကန်မှုရှိ၊ မရှိမေးမြန်းကြပါတယ်။ ထိုမေးမြန်းမှုအပေါ် ယခင်အကြီးအကဲများ ကာလ ကြာမြင့်စွာအချိန်ယူရေးဆွဲခဲ့တဲ့ အခြေခံဥပဒေပါအချက်များကို ယခုလိုအချိန်တိုကာလအတွင်း ပြန်လည်ပြင်ဆင်ရေးဆွဲရန်မသင့်ကြောင်း၊ အစီအစဥ်မရှိပါကြောင်း၊ သို့သော်လည်း ပြောင်းလဲနေတဲ့ ခေတ်စနစ်နဲ့ အံဝင်မှုမရှိတော့သောအချိန်မှာ နောက်လူများက ပြင်ဆင်ရေးဆွဲသွားကြမည်သာဖြစ် ကြောင်း ရှင်းလင်းဖြေကြားခဲ့ပါတယ်။ ဖော်ပြပါရှင်းလင်းဖြေကြားချက်များကို မီဒီယာများက ၎င်းတို့၏ ဂျာနယ်များတွင်ပြန်လည်ဖော်ပြရာမှာ ရှုထောင့်အမျိုးမျိုးမှဖော်ပြကြတဲ့အတွက် မတူကွဲပြားသော ရေးသားချက်များကိုတွေ့ရှိရပါတယ်။ သို့သော်လည်း တရားစီရင်ရေးမဏ္ဍိုင် ယိမ်းယိုင်နေမှုကို ထောက်ပြနေသည့် အဓိပ္ပာယ်သက်ရောက်မှုကတော့ အတူတူသာဖြစ်ကြောင်းတွေ့ရပါတယ်။ ပြည်သူ့ လွှတ်တော်ကိုယ်စားလှယ်တော်များခင်ဗျား။ ဤကော်မတီသည် တရားစီရင်ရေးလုပ်ငန်းများကို ဝင်ရောက်စွက်ဖက်ပိုင်ခွင့်မရှိပါ။ လွတ်လပ်၍တရားမျှတသော တရားစီရင်ရေးဖြစ်ပေါ်လာအောင် ဘက်ပေါင်းစုံမှဝိုင်းဝန်းကူညီထောက်မသွားရမှာဖြစ်ပါတယ်။ ဒါ့ကြောင့် လက်ခံရရှိတဲ့ တိုင်ကြားစာ အမှုတွဲများကို ပြည်ထောင်စုတရားလွှတ်တော်ချုပ်နှင့် တိုင်းဒေသကြီး/ပြည်နယ်တရားလွှတ်တော်များ သို့ဆက်လက်ပေးပို့ညှိနှိုင်းသွားရမှာသာဖြစ်ကြောင်းလည်း တင်ပြလိုပါတယ်။ မီဒီယာများနှင့်တွေ့ဆုံ ရှင်းလင်း ပြောကြားချက်များကို ဂျာနယ်၊ မဂ္ဂဇင်းများမှာရေးသားဖော်ပြခဲ့ကြပါတယ်။ အဲ့ဒီနောက်ပိုင်း

ပြည်ထောင်စုတရားလွှတ်တော်ချုပ်၊ တရားသူကြီးချုပ်နှင့် တာဝန်ရှိသူများ၊ ပြည်ထောင်စုရှေ့နေချုပ်ရုံးမှတာဝန်ရှိသူအဆင့်ဆင့်တို့က တိုင်းဒေသကြီး/ပြည်နယ်တရားလွှတ်တော်အဆင့်ဆင့်တို့မှ တရားစီရင်ရေးနှင့် ဥပဒေရေးရာတာဝန်ရှိသူများကို ဖြောင့်မတ်မှန်ကန်သန့်ရှင်းတဲ့ တရားစီရင်ရေးစနစ်ဖြစ်ပေါ်လာစေရန် ရှင်းလင်းလမ်းညွှန်မှုများ အကြိမ်ကြိမ်ပြုလုပ်ခဲ့ကြောင်းတွေ့ရှိရပါတယ်။ အဲ့ဒီအတိုင်း တာဝန်ရှိအကြီးအကဲတို့က အကြိမ်ကြိမ်ရှင်းလင်းလမ်းညွှန်ပဲ့ပြင်မှုတို့ကြောင့် ဤကော်မတီနှင့်သတင်းမီဒီယာများကလည်း တရားစီရင်ရေးဆိုင်ရာအားနည်းချက်များအပေါ်မှာ ဝေဖန်ထောက်ပြမှုတွေကြောင့်တစ်ကြောင်း အောက်ခြေတရားစီရင်ရေးနယ်ပယ်အချို့မှာ တရားစီရင်ရေးကျင့်ထုံးများနှင့်အညီ စတင်လိုက်နာလုပ်ဆောင်လာကြကြောင်း လူထုကြားမှပဲ့တင်သံအချို့ ပြန်လည်ကြားသိရပါတယ်။

ယခု ၂၀၁၂ ခုနှစ်၊ မတ်လကုန်အထိ အလားတူအမှုတွဲပေါင်း ၇၀၀ ခန့်ထပ်မံရောက်ရှိလာရာကော်မတီမှလေ့လာစိစစ်လျက်ရှိပါတယ်။ အချက်အလက်ပြည့်စုံခိုင်လုံတဲ့အမှုတွဲများကို သက်ဆိုင်ရာတိုင်းဒေသကြီး/ပြည်နယ်တရားလွှတ်တော်များသို့ ပြန်လည်စိစစ်သုံးသပ်ဆောင်ရွက်နိုင်ရန်ဆက်လက်လွှဲပြောင်းပေးသွားမှာဖြစ်ပါတယ်။ လက်ရှိဆောင်ရွက်ချက်များအပေါ်မှာ မှန်ကန်ပါလျက် အမှုရှုံးခဲ့သောနစ်နာသူများက စိုးရိမ်နေကြသည်မှာ လွှဲပြောင်းပေးခဲ့သောအမှုတွဲများအပေါ် တရားရုံးအသီးသီးက ဝတ္တရားကျေပြန်လည်စိစစ်ကာ ပြင်ဆင်ဆုံးဖြတ်ရန်မရှိကြောင်းပြန်ကြားလာပါက ၎င်းတို့အနေဖြင့် အားကိုးစရာမရှိတော့သော အခြေအနေသို့ ပြန်ရောက်သွားနိုင်ကြောင်း တင်ပြလာကြပါတယ်။ ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့ကိုယ်စားလှယ်တော်ကြီးများခင်ဗျား။ ၁၉၄၇ ခုနှစ် အက်ဥပဒေအမှတ် ၆၇၊ အဂတိလိုက်စားမှုတားမြစ်ရေးဥပဒေပြဋ္ဌာန်းထားရှိသည်ကို လေ့လာတွေ့ရှိ ရပါတယ်။ အဲ့ဒီဥပဒေပြဋ္ဌာန်းချိန်က အထူးစုံစမ်းစစ်ဆေးရေး(စစစ)အဖွဲ့အစည်းကိုလည်း ဖွဲ့စည်းပြီးတော့မှ လေ့လာစုံစမ်းမှုပြုကာ အရေးယူမှုများဖြင့် ဥပဒေစိုးမိုးရေးအားဖြည့်ခဲ့သောကြောင့် အောင်မြင်မှုများရရှိခဲ့ကြောင်းကိုလည်း လေ့လာမှတ်သားသိရှိရပါတယ်။ သို့သော် ထိုဥပဒေသည် ယနေ့ခေတ်စနစ်နှင့်ကိုက်ညီမှု ရှိ၊ မရှိ၊ အဂတိလိုက်စားတရားစီရင်မှုများကို ထိရောက်စွာဟန့်တားနိုင်ခြင်းရှိ၊ မရှိလေ့လာစိစစ်လျက်ရှိကြောင်းလည်းတင်ပြလိုပါတယ်။ ကျွန်တော်တို့ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်သည် နောက်ကြောင်းပြန်မလှည့်တော့သည့် ဆုံးဖြတ်ချက်စိတ်ထားဖြင့် ခေတ်မီဖွံ့ဖြိုးတိုးတက်သော ဒီမိုကရေစီနိုင်ငံတော်သစ်ပန်းတိုင်ကို ချီတက်နေပြီဖြစ်ပါတယ်။ ယခုလိုချီတက်ရာမှာ အောင်မြင်ချောမွေ့စေရန်အတွက် မဏ္ဍိုင်ကြီးငါးရပ်တည့်မတ်ခိုင်မာနေရန် အထူးလိုအပ်လှပါတယ်။

ပထမမဏ္ဍိုင်မှာ ဥပဒေပြုရေးမဏ္ဍိုင်ဖြစ်ပါတယ်။ ဥပဒေပြုရာမှာ ဖွဲ့စည်းပုံအခြေခံဥပဒေ အခန်း(၁)ပါ နိုင်ငံတော်အခြေခံမူများ၊ ဖွဲ့စည်းပုံအခြေခံဥပဒေအခန်း(၈)ပါ နိုင်ငံသူနိုင်ငံသားများ၏ မူလအခွင့်အရေးနှင့်တာဝန်များ၊ ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၁၁ ပုဒ်မခွဲ(က)ပါ ခက်မသုံးဖြာဖြစ်တဲ့ ဥပဒေပြုရေးအာဏာ၊ အုပ်ချုပ်ရေးအာဏာ၊ တရားစီရင်ရေးအာဏာတို့ကို တတ်နိုင်သမျှပိုင်းခြား သုံးစွဲခြင်းနှင့် အပြန်အလှန်ထိန်းကျောင်းခြင်းဆိုသည့် အချက်များနှင့်အညီ ဖော်ဆောင်သွားရန် လိုအပ်လှပါတယ်။ အထူးသဖြင့် ဥပဒေတစ်ရပ်ပြဋ္ဌာန်းရာမှာ အဖွဲ့အစည်း၊ ဌာနတစ်ခုတည်း၏ လက်တွင်းသို့ခက်မသုံးဖြာဖြစ်တဲ့ ဥပဒေကဲ့သို့အာဏာတည်သည့် အမိန့်ထုတ်ပိုင်ခွင့်၊ စီမံအုပ်ချုပ် ပိုင်ခွင့်နှင့် စီရင်ဆုံးဖြတ်ခွင့်အာဏာသုံးရပ်လုံး ပေးအပ်ခြင်းမပြုဘဲနဲ့ အပြန်အလှန်ထိန်းကျောင်းသည့် စနစ်နှင့်ဆောင်ရွက်ရန်ဖြစ်ကြောင်း ပေါ်လွင်ထင်ရှားနေပါတယ်။ ဒီနေရာမှာ အပြန်အလှန် ထိန်းကျောင်းခြင်း၊ ထောက်မခြင်းဆိုသည်မှာ အဆင့်အတန်းတူညီမှသာ ထိရောက်စွာလုပ်ဆောင်၍ ရသောစနစ်ဖြစ်ကြောင်း မီးမောင်းထိုးတင်ပြလိုပါတယ်။

ဒုတိယမဏ္ဍိုင်မှာ အုပ်ချုပ်ရေးမဏ္ဍိုင်ဖြစ်ပါတယ်။ စီမံအုပ်ချုပ်ရေးလုပ်ငန်းများစွမ်းဆောင် ရည်မြင့်မားနေစေရန်၊ ထက်မြက်အောင်မြင်နေစေရန်အတွက် ဖော်ပြပါဂုဏ်အင်္ဂါအရည်အချင်းများ နှင့်ပြည့်စုံသူများကို ရွေးချယ်တာဝန်ပေးအပ်သွားရန်လိုအပ်လှပါတယ်။ အဲ့ဒီဂုဏ်အင်္ဂါအရည်အချင်း များကတော့ ပြည်ထောင်စုမျိုးချစ်စိတ်ဓာတ်ပြည့်ဝသူ၊ ပြည်သူ့ဆန္ဒကိုအလေးအမြတ်ထားသူ၊ လုပ်ငန်း ကဏ္ဍအလိုက် အသိပညာ၊ အတတ်ပညာအရည်အသွေးပြည့်ဝသူနှင့် ကိုယ်ကျင့်သိက္ခာကောင်းမွန်သူ၊ အတ္တပရမျှတသူတို့ဖြစ်ပါတယ်။ အဲ့ဒီလို ဂုဏ်အင်္ဂါအရည်အချင်းများနဲ့ပြည့်စုံသူများကို အုပ်ချုပ်ရေး အဖွဲ့အစည်းများမှာ စိစစ်ရွေးချယ်ခန့်အပ်တာဝန်ပေးသွားမှသာလျှင် သန့်ရှင်းသောအစိုးရ (Clean Government)၊ ကောင်းမွန်သောစီမံအုပ်ချုပ်မှု (Good Governance) ဖြစ်ပေါ်လာမှာဖြစ်ပါ တယ်။ ထိုသို့ဖြစ်ပေါ်မှသာ တရားစီရင်ရေးမဏ္ဍိုင်ကို လွှမ်းမိုးမှု၊ စွက်ဖက်မှုမဟုတ်သောနည်းလမ်း များဖြင့် ထိန်းကျောင်းထောက်မပေးသွားနိုင်မှာဖြစ်ကြောင်း မီးမောင်းထိုးတင်ပြလိုပါတယ်။

တတိယမဏ္ဍိုင်မှာ တရားစီရင်ရေးမဏ္ဍိုင်ဖြစ်ပါတယ်။ လွတ်လပ်စွာတရားစီရင်ပိုင်ခွင့်ရှိသင့် သည်၊ ရှိရမည်မှန်ပါတယ်။ သို့သော် တရားစီရင်ရေးနယ်ပယ်မှာ ပါဝင်ပတ်သက်နေကြတဲ့ပုဂ္ဂိုလ်များ အနေနဲ့ အရည်အချင်းမပြည့်မီခဲ့လျှင် သို့မဟုတ် အဂတိလိုက်စားနေမည်ဆိုလျှင် လွတ်လပ်စွာ တရားစီရင်ရေးဆိုသောခေါင်းစဉ်အောက်မှာ တရားဝင်အဂတိလိုက်စားခွင့်လိုင်စင်ပေးလိုက်သလိုမျိုး ဖြစ်သွားနိုင်သည်ကို အထူးသတိချပ်ရမည်ဖြစ်ပါတယ်။ သို့ပါ၍ အဂတိတရားမလိုက်စားနိုင်အောင်

အထိန်းအကျောင်းအစီအမံများလည်း ဌာနတွင်းမှာရှိနေဖို့လိုအပ်လှပါတယ်။ အောက်ခြေတရားရုံးအဆင့်ဆင့်ကနေမှ တရားသူကြီးများတရားစီရင်ရာမှာ အဂတိလိုက်စားခြင်းအပါအဝင် အကြောင်းအမျိုးမျိုးကြောင့် ဖြောင့်မတ်မှန်ကန်စွာစီရင်ဆုံးဖြတ်မှုမပြုလုပ်နိုင်၍ အထက်တရားလွှတ်တော်အဆင့်ဆင့်သို့ အယူခံလွှာတင်သွင်းနေရခြင်းများတွေ့ရှိကြားသိနေရပါတယ်။ အမှုများစွာကို အထက်တရားရုံးအဆင့်ဆင့်မှ ပြန်လည်စစ်ဆေးကာစီရင်ချက်များကို ပြင်ဆင်ချမှတ်ပေးနေရကြောင်းလည်းကြားသိရပါတယ်။ အဲ့ဒီလို အကြိမ်ကြိမ်မှားယွင်းစီရင်သော တရားသူကြီးများကို ထိရောက်ပြစ်ဒဏ်ချမှတ်ပေးသင့်ပါတယ်။ တစ်ဖက်ကလည်း ဖြောင့်မတ်မှန်ကန်စွာတရားစီရင်ကြတဲ့တရားသူကြီးများကိုလည်း ထိုက်တန်တဲ့ဂုဏ်ပြုချီးမြှင့်မှုတွေပေးအပ်ရန်လိုအပ်ပါတယ်။ သို့မှသာ အဂတိတရားကင်းစင်တဲ့တရားစီရင်ရေးမဏ္ဍိုင်တည်ဆောက်နိုင်မှာဖြစ်ကြောင်းတင်ပြလိုပါတယ်။

စတုတ္ထမဏ္ဍိုင်မှာ စာနယ်ဇင်းမီဒီယာဖြစ်ပါတယ်။ တရားစီရင်ရေးနယ်ပယ်မှာပါဝင် လုပ်ဆောင်နေကြတဲ့ပုဂ္ဂိုလ်များအနေဖြင့် (၁) အဂတိလိုက်စားနေလျှင် (၂) ကိုယ်ကျင့်သိက္ခာယိုယွင်းနေလျှင် အခြေခံဥပဒေပုဒ်မ ၃၅၄ တွင်ပါရှိတဲ့ နိုင်ငံတော်လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေး၊ ရပ်ရွာအေးချမ်းသာယာရေး သို့မဟုတ် ပြည်သူတို့၏ ကိုယ်ကျင့်တရားအကျိုးငှာပြဋ္ဌာန်းထားတဲ့ ဥပဒေများနှင့်မဆန့်ကျင်လျှင် သတင်းမီဒီယာသမားများအနေဖြင့် လွတ်လပ်စွာဖော်ထုတ်ရေးသားခွင့်ရှိကြောင်းအခြေခံဥပဒေမှာ ပြဋ္ဌာန်းထားရှိပါတယ်။ မီဒီယာများအနေနဲ့ အဲ့ဒီလိုဖော်ထုတ်ရေးသားရာမှာ သတင်းမီဒီယာစည်းမျဉ်းများနှင့် ကိုက်ညီရန်လိုအပ်ပြီး မိမိရဲ့သဘောထား အယူအဆမပါဝင်စေဘဲနဲ့အမှန်တရားသက်သက်ကိုသာ ဖော်ထုတ်ရေးသားရန်လည်း အထူးလိုအပ်လှပါတယ်။ အဲ့ဒီလိုလုပ်ဆောင်ခြင်းအားဖြင့် တရားစီရင်ရေးမဏ္ဍိုင်သာမကဘဲနဲ့ ကျန်မဏ္ဍိုင်များကိုပါ ဖြောင့်မတ်မှန်ကန်ကောင်းမွန်နေအောင်ကြီးမားတဲ့ အထောက်အကူပေးသွားနိုင်မှာဖြစ်ကြောင်းတင်ပြလိုပါတယ်။

ပဉ္စမမဏ္ဍိုင်မှာ ပြည်သူလူထုဖြစ်ပါတယ်။ အဓိကမဏ္ဍိုင်ပဲဖြစ်ပါတယ်။ လောကရဲ့အကျိုးနဲ့အကြောင်း၊ အဆိုးနဲ့အကောင်း၊ တရားမှု/မတရားမှုဖြစ်စဉ်တွေဟာ လူထုအတွင်းမှာသာဖြစ်ပျက်နေကြပါတယ်။ တရားစီရင်ရေးနယ်ပယ်ရဲ့ တရားခြင်း/မတရားခြင်းဖြစ်ရပ်များကိုလည်း ပြည်သူများသာသိရှိနေကြပါတယ်။ သို့ပါ၍ အမှန်တရားဘက်မှရပ်တည်ရန်၊ သတင်းပေးရန်၊ သက်သေထွက်ဆိုပေးကြရန် ပြည်သူမှာတာဝန်ရှိကြောင်းကိုလည်း တင်ပြလိုပါတယ်။ ပြည်သူ့လွှတ်တော်၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များပါဝင်တဲ့ ပြည်ထောင်စုလွှတ်တော်ကိုယ်စားလှယ်များ၊ တိုင်းဒေသကြီး/ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များအားလုံးဟာ ပြည်သူ့ကိုယ်စားလှယ်များ၊ ပြည်သူရဲ့အစိတ်

အပိုင်းမျှသာဖြစ်ပါတယ်။ ဒါ့ကြောင့် ဒေသအတွင်းမှာနေ့စဉ်ကြုံတွေ့နေရတဲ့ တရားရုံးအဆင့်ဆင့်ရဲ့ စီရင်ချက်များသည်အမှန်တရားနှင့် ကင်းကွာမှုရှိ/မရှိ၊ တရားမျှတမှန်ကန်မှုရှိ/မရှိ ဝင်ရောက်စွက်ဖက် ခြင်းမဟုတ်တဲ့ ဘေးတိုက်လေ့လာစုံစမ်းမှုပြုလုပ်ကာ တင်ပြသွားရန်အထူးတာဝန် ရှိကြပါတယ်။

ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့ကိုယ်စားလှယ်များခင်ဗျား။ တရားစီရင်ရေးမဏ္ဍိုင်ဖြောင့်မတ်ခိုင်မာမှ ဥပဒေစိုးမိုးမှုရှိပါမယ်။ ဥပဒေစိုးမိုးမှုပြည်သူများ ဥပဒေဘောင်အတွင်းမှာ လုံခြုံအေးချမ်းစွာနေထိုင် အသက်မွေးဝမ်းကျောင်းနိုင်မှာဖြစ်ပါတယ်။ ပြည်သူတွေရဲ့ဘဝလုံခြုံအေးချမ်းပြီး ဒီမိုကရေစီ အခွင့်အရေးအပြည့်အဝခံစားနိုင်ဖို့အတွက် တတိယမဏ္ဍိုင်ဖြောင့်မတ်ခိုင်မာနေရန် လွန်စွာအရေးကြီး ကြောင်းထပ်လောင်းတင်ပြလိုပါတယ်။ သို့ပါ၍ တရားစီရင်ရေး တတိယမဏ္ဍိုင်ဖြောင့်မတ်ခိုင်မာနေရန် အတွက် တရားစီရင်ရေးနယ်ပယ်အတွင်းမှာရှိတဲ့ တာဝန်ရှိပုဂ္ဂိုလ်များကနေပြီးတော့မှ ဆင့်ကဲဆင့်ကဲ ကြပ်မတ်ပေးနေရန်လိုအပ်သလို ဥပဒေပြုရေးပထမမဏ္ဍိုင်၊ စီမံအုပ်ချုပ်ရေးဒုတိယမဏ္ဍိုင်၊ သတင်း မီဒီယာစတုတ္ထမဏ္ဍိုင်နဲ့ အဓိကနှင့် ပဉ္စမမဏ္ဍိုင်ပြည်သူလူထုတို့ကနေပြီးမှ ဝိုင်းဝန်းကူညီထောက်မ ပေးကြရန်အထူးလိုအပ်ကြောင်းအဆိုတင်ပြအပ်ပါတယ်ခင်ဗျား။ကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ သူရဦးအောင်ကိုတင်သွင်းတဲ့အဆိုကို ထောက်ခံမယ့် လွှတ်တော်ကိုယ်စားလှယ်အားဖိတ်ခေါ်ပါတယ်။

**ဦးသိန်းထွန်းဦး(အမရပူရမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီး ခင်ဗျား။ ကျွန်တော်ကတော့ အမရပူရမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးသိန်းထွန်းဦး ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ကန်ပက်လက်မဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် သူရဦးအောင်ကို တင်သွင်းသောအဆိုကိုထောက်ခံပါကြောင်း လေးစားစွာတင်ပြအပ်ပါတယ်ခင်ဗျား။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ကန်ပက်လက်မဲဆန္ဒနယ်မှ လွှတ်တော် ကိုယ်စားလှယ် သူရဦးအောင်ကိုတင်သွင်းသွားတဲ့အဆိုကို ကိုယ်စားလှယ်တစ်ဦးက ထောက်ခံသွားပါ တယ်။ ဒီအဆိုကို လက်ခံဆွေးနွေးရန်သင့်၊ မသင့်လွှတ်တော်ရဲ့ဆန္ဒရယူပါ့မယ်။ သူရဦးအောင်ကို တင်သွင်းသွားတဲ့အဆိုကိုလက်ခံဆွေးနွေးရန် လွှတ်တော်ကသဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်ကသဘောတူပါသည်။ ]

**ဥက္ကဋ္ဌ**။ ။ သဘောမတူတဲ့သူရှိပါသလားခင်ဗျား။ သဘောမတူတဲ့သူ မရှိတဲ့အတွက် ကန်ပက်လက်မဲဆန္ဒနယ်မှ လွှတ်တော်ကိုယ်စားလှယ် သူရဦးအောင်ကိုတင်သွင်းတဲ့ အဆိုနှင့်

စပ်လျဉ်းပြီး လွှတ်တော်ကသဘောတူတဲ့အတွက် လက်ခံဆွေးနွေးရန်ဆုံးဖြတ်ကြောင်းကြေညာပါတယ်။ (ဩဘာသံများ)

## သူရဦးအောင်ကို၊ ကန်ပက်လက်မဲဆန္ဒနယ်၏အဆိုနှင့်စပ်လျဉ်း၍ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိလျှင် အမည်စာရင်းတင်သွင်းနိုင်ကြောင်း ဥက္ကဋ္ဌကကြေညာခြင်း

ဥက္ကဋ္ဌ။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ကန်ပက်လက်မဲဆန္ဒနယ်မှ လွှတ်တော်ကိုယ်စားလှယ် သူရဦးအောင်ကို တင်သွင်းသွားတဲ့အဆိုကို ၂၀၁၂ ခုနှစ်၊ ဧပြီလ ၂၄ ရက် (အင်္ဂါနေ့) ပြည်သူ့လွှတ်တော် (၂၀) ရက်မြောက်နေ့အစည်းအဝေးမှာဆွေးနွေးပါမယ်။ ဆွေးနွေးမယ့် လွှတ်တော်ကိုယ်စားလှယ်များအနေနဲ့ ဒီကနေ့ညနေပိုင်းမှာ ပြည်သူ့လွှတ်တော် ဒုတိယညွှန်ကြားရေးမှူးချုပ်ထံ အမည်စာရင်းတင်သွင်းကြရန်ဖြစ်ပါတယ်။

## ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက အမျိုးသားလွှတ်တော်မှပြင်ဆင်ချက်ဖြင့်ပြန်လည်ပေးပို့သော အရေးကြီးကုန်စည်နှင့် ဝန်ဆောင်မှုဥပဒေကြမ်းကိုလက်ခံရရှိကြောင်း လွှတ်တော်သို့အသိပေးတင်ပြခြင်း

ဥက္ကဋ္ဌ။ ။ အစီအစဉ် ၉ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပြည်သူ့လွှတ်တော်မှာ စတင်ဆွေးနွေးအတည်ပြုခဲ့ပြီး အမျိုးသားလွှတ်တော်သို့ပေးပို့ထားသော အရေးကြီးကုန်စည်နှင့် ဝန်ဆောင်မှုဥပဒေကြမ်းကို ၂၃-၃-၂၀၁၂ ရက်နေ့မှာ အမျိုးသားလွှတ်တော်က ပြင်ဆင်ချက်များဖြင့်ပြန်လည်ပေးပို့လာပါတယ်။ ပြင်ဆင်ချက်မိတ္တူကိုလည်း ကိုယ်စားလှယ်များထံ ဖြန့်ဝေပြီးဖြစ်ပါတယ်။ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၁၆၂ အရ အမျိုးသားလွှတ်တော်ရဲ့ ပြင်ဆင်ချက်များအပေါ် ဆွေးနွေးရန် အဆိုတင်သွင်းလိုသူများအနေနဲ့ ဆွေးနွေးလိုသည့်အကြောင်း အရာဖော်ပြထားသော အကြောင်းကြားစာကို လက်မှတ်ရေးထိုးပြီး ၂၄-၄-၂၀၁၂ ရက်နေ့(အင်္ဂါနေ့) ၁၂း၀၀ နာရီနောက်ဆုံးထား၍ ပြည်သူ့လွှတ်တော် ဒုတိယညွှန်ကြားရေးမှူးချုပ်ထံပေးပို့ရန် ဖြစ်ကြောင်းအသိပေးကြေညာပါတယ်။

# ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက ပထမအကြိမ် ပြည်သူ့လွှတ်တော် တတိယပုံမှန်အစည်းအဝေး (၁၉) ရက်မြောက်နေ့ရပ်နားကြောင်းနှင့် အစည်းအဝေး (၂၀) ရက်မြောက်နေ့ ကျင်းပမည့်နေ့ရက်နှင့် အချိန်ကိုကြေညာခြင်း

**ဥက္ကဋ္ဌ။** ။ အစီအစဉ် ၁၁ ဖြစ်ပါတယ်။ အစီအစဉ် ၁၀ ဆောင်ရွက်ရန်မရှိပါ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပထမအကြိမ် ပြည်သူ့လွှတ်တော်တတိယပုံမှန်အစည်းအဝေးရဲ့ (၁၉) ရက်မြောက်နေ့ကိုရပ်နားပါ့မယ်။ ပထမအကြိမ် ပြည်သူ့လွှတ်တော်တတိယပုံမှန်အစည်းအဝေး (၂၀) ရက်မြောက်နေ့ကို မနက်ဖြန် ၂၀၁၂ ခုနှစ်၊ ဧပြီလ ၂၄ ရက် (အင်္ဂါနေ့) ၁၃း၀၀ နာရီအချိန်မှာ ဆက်လက်ကျင်းပမှာဖြစ်ကြောင်းကြေညာပါတယ်။ (သြဘာသံများ)

**အချိန်၊ ၁၄ း ၀၅ ။**

**အခမ်းအနားမှူး။** ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးပြန်လည်ထွက်ခွာပါပြီခင်ဗျား။

**အခမ်းအနားမှူး။** ။ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များအားလုံး ပြန်လည်ထွက်ခွာနိုင်ကြပါပြီခင်ဗျား။

[ပထအကြိမ် ပြည်သူ့လွှတ်တော် တတိယပုံမှန်အစည်းအဝေး (၁၉) ရက်မြောက်နေ့ကို ၁၄း၀၅ နာရီတွင်ရပ်နားပါသည်။]